ကြေညာချက်

ကိုရီးယားသမ္မတနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံသားများ၏ အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ပိုမိုလျင်မြန်ထိရောက်စွာ ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ ဆိုးလ်မြို့သို့ (၂၄)နာရီပတ်လုံး အချိန်မရွေး ဆက်သွယ်နိုင်မည့် အောက်ဖော်ပြပါ အရေးပေါ်တယ်လီဖုန်းလိုင်း(Hot Line)အား စတင်ထားရှိပြီ ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်-

+(၈၂-၁၀) ၃၄၅၈ ၂၂၀၂

၁။ မြန်မာသံရုံး၊ ဆိုးလ်မြို့အနေဖြင့် Woojung Education and Cultural Foundation Scholarship for 1st Semester, 2016 အတွက် မြန်မာကျောင်းသူ/ကျောင်းသား (၄)ဦး၏အမည်စာရင်းအား ပေးပို့ရန်ရှိပါသဖြင့် အဆိုပါ Scholarship အတွက် လျှောက်ထားလိုသူများသည် ယခုကြေညာချက်တွင် ပူးတွဲပါရှိသည့် စာရွက်စာတမ်း/အထောက်အထားတို့အား ပြည့်စုံစွာဖြည့်စွက်တင်ပြ၍ (၂၈-၁-၂၀၁၆)ရက်နေ့နောက်ဆုံးထားကာ မြန်မာသံရုံးသို့ အောက်ဖော်ပြပါ နည်းလမ်းများဖြင့် ပေးပို့လျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

- သံရုံးလိပ်စာ၊ Hannam-daero 28 gil 12, Yongsan-Ku, Seoul, P.O Box:140-210 သို့ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ သံရုံးသို့လာရောက်သည့်မိတ်ဆွေ/ အပေါင်းအသင်းများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်ပေးပို့၍လည်းကောင်း၊

(သို့မဟုတ်)

- gongjulay@gmail.com သို့ e-mail ပေးပို့၍လည်းကောင်း၊

၂။ ယခုကြေညာချက်အား လက်ခံရရှိသော ကျောင်းသူ/ကျောင်းသားများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ မြန်မာကျောင်းသူ/ကျောင်းသားများထံသို့လည်း ဆက်လက်ပေးပို့ ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR 017 SEOUL

မြန်မာသံရုံး၊ ဆိုးလ်မြို့

ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

မှတ်ချက်။ နောက်ဆုံးသတ်မှတ်ရက်ထက်ကျော်လွန်ပြီးမှ ရောက်ရှိလာသည့် လျှောက်လွှာများအား လက်ခံစဉ်းစားပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။